# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ငါ၏ လူများ မူကား ၊ ငါ့ စကားကို နားမထောင်ကြ၊၊
... ...ငါ့ကို အလို မရှိကြပါတကား၊၊ ဆာလံ ၈၁–၁၁

အမှတ်စဥ် (၄၃) | မတ်လ | ၂၀၀၅ ခုနှစ် | စမ္မဒါန ( လခင်း ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## ကျေးဇူးတော်ချီးမွမ်းသောသူ



ကျေးဇူးတော် ချီးမွမ်းတဲ့သူဟာ ဘုရားသခင် ရဲ့ ဘုန်းတော်ကို ထင်ရှားစေတဲ့ သူ ဖြစ်ပါတယ်။

ပေါလုနဲ့ သိလဟာ အကျဉ်းထောင် ထဲမှာ ဘုရား သခင်ရဲ့ ကျေးဇူးတော်ကို ချီး မွမ်းခဲ့ပါတယ်။ သူတို့ချီးမွမ်း သံကြောင့် ထောင်တံခါးပွင့်ပြီး ထောင်မှူးရဲ့ အသက်တာ ပြောင်းလဲသွားခဲ့ပါတယ်။ ကျေးဇူးတော် ချီးမွမ်းခြင်းဟာ သာသနာပြုခြင်းဘဲ ဖြစ်ပါတယ်။

ဒါဝိဒ် မင်းကြီးဟာ ဘုရင် မဖြစ်ခင် သိုးကျောင်းသား ဘဝ ကတည်း က သူ့မှာရှိတဲ့ တူရိယာဗျပ်စောင်းလေးကို တီးခတ်ပြီးတော့ ( ခေတ် ပေါ် သံစုံ တီးဝိုင်း မဟုတ်) လယ်ကွင်းကျယ်ကြီးထဲမှာ ( ခမ်းနားထည်ဝါတဲ့ ဘုရား ကျောင်း၊ အဆောက်အဦး၊ ဇာတ်စင်ပေါ်မှာ မဟုတ်) ဘာမှ နားမလည်တဲ့ သိုးလေးတွေကြားမှာ ( လူသား ပရိတ်သတ်တွေရှေ့မှာ မဟုတ်) ဘုရား သခင်ကို စိတ်နှလုံးပါပါ ချီးမွမ်းခဲ့တဲ့သူ ဖြစ်ပါတယ်။ ( လူတွေ နားထောင် ကောင်းအောင်၊ လူတွေကြိုက်အောင် မလုပ်ပါ )

အဲဒီလို ဘုရားကို အမှန်တကယ် ချီးမွမ်းတဲ့သူကို လူတွေက “ရှောလု အထောင်ထောင်၊ ဒါဝိဒ် အသောင်းသောင်” လို့ ဂုဏ်ပြုခဲ့ကြပါတယ်။ နောက်ပိုင်း မှာ ဒါဝိဒ်ဟာ ဆာလံကျမ်းကို ရေးတဲ့အခါ ဘုရားကို ချီးမွမ်းခြင်းနဲ့ ဆိုင်တဲ့ စကားလုံးတွေကို အမြဲသုံးစွဲခဲ့ပါတယ်။ မြန်မာခရစ်ယာန်တွေ ကြိုက်တဲ့ ဆာလံ ၁၁၇ က “လူမျိုး အပေါင်းတို့ ထာဝရ ဘုရားကို ချီးမွမ်းကြလော့၊ လူအနွယ် အပေါင်းတို့ အလွန် ချီးမွမ်းကြလော့ ...” ဆိုတဲ့ ကျမ်းချက်ထဲမှာ “အလွန်” ဆိုတဲ့ စကားလုံးကို သုံးထားပါတယ်။

ဘုရားသခင်ကို ချီးမွမ်းတဲ့အခါ ဝတ်ကျေတန်းကျေ၊ သာမာန်ကာ လျှံကာ၊ ပြီးပြီးရော၊ အဖြစ်သဘော၊ ထုံးစံအတိုင်း၊ လုပ်ရိုးလုပ်စဉ်၊ အလုပ် သဘောအရ၊ မလုပ် မနေရ၊ တာဝန်အရ၊ လူမြင်ကောင်းအောင် – – ချီးမွမ်းတာမျိုး မဟုတ်ဘဲ။ “အလွန်” ချီးမွမ်းဖို့ လိုပါတယ်။

ဒါဝိဒ်ဟာ ဘုရားကို ချီးမွမ်းဖို့အတွက် လူတွေကိုဘဲ တိုက်တွန်းတာ မဟုတ်ဘဲ၊ တောတောင် ရေမြေ၊ ပင်လယ် သမုဒ္ဒရာတွေလဲ ဘုရားကို ချီးမွမ်းဖို့ တိုက်တွန်း ထားပြန်ပါသေးတယ်။

**( ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ တို့နှင့်တကွ အရပ်ရပ်၌ ကျင်လည်သော သတ္တဝါအပေါင်းတို့သည် ဘုရားသခင်ကို ချီးမွမ်းကြပါ စေသော၊၊ ဆာလံ ၆၉း၃၄ )**

ယောဘဟာ ကျိုကျိုတက် ချမ်းသာပေမဲ့ ဘုရားကို မမေ့ဘဲ နှစ်စဉ် နှစ်တိုင်း သားသမီးတွေကို ခေါ်ပြီး ဘုရားသခင်ကို ချီးမွမ်းတဲ့ ပွဲကို လုပ်ပေးလေ့ ရှိပါတယ်။ ချမ်းသာ၊ ကောင်းစား ၊ အဆင်ပြေတုံး ချီးမွမ်းတာ မဟုတ်ဘဲ စိတ်နှလုံး ထဲက “အလွန်” ချီးမွမ်းခဲ့တဲ့အတွက် နှစ်ဆသော ကောင်းကြီးကို ပြန်ခံစားခဲ့ရပါတယ်။

မိတ်ဆွေ – ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဖို့ အခြေအနေ ပေါ် မူမတည်ပါဘူး။ စာမေးပွဲအောင်မှ၊ အလုပ်ရမှ၊ နိုင်ငံခြားတိုင်းပြည်မှာ နိုင်ငံသား ခံယူနိုင်မှ၊ စီးပွားရေးအောင်မြင်မှ၊ သား သမီး မွေးဖွားနိုင်မှ၊ စတဲ့ စတဲ့ စတဲ့ လူတွေ သတ်မှတ်ထားတဲ့ စည်းမျဉ်း တွေ မလိုအပ်ပါဘူး။

စာမေးပွဲ မအောင်လဲ၊ အလုပ် မရှိလဲ၊ နိုင်ငံခြား မသွားရလဲ၊ စီးပွားရေး အဆင်မပြေလဲ၊ သားမဖွားနိုင်လဲ – – စသဖြင့် လူတွေရဲ့ သတ်မှတ် ချက်ဘောင်ထဲကနေ နည်းနည်း ထွက်ပြီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းကြည့်ပါ။

ဒါဝိဒ် လို၊ ယောဘ လို ဘုရားသခင် သင့်ကို ချီးမြှောက် ပါလိမ့်မယ်။

## ( သားတော်မောင်အလိမ္မာ )

( ဝန်ခံချက် ။ ။ **Blue stars brother** ၏ ဝတ်ပြုစည်းဝေး တစ်ခုတွင် ဝေငှခဲ့သော ဆရာအိုက်နပ် ၏ တရားဒေသနာအား ပြန်လည် မှီငြမ်းရေးသားပါသည်။)

၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀

# အသက်ရှင်စေချင်သူ



“ချစ်သား – ကမ္ဘာပေါ်မှာ သေဆုံးသွားတဲ့ သူတွေထဲကနေ သင် ရွေးချယ်သော သူတစ်ယောက်ကို အီစတာနေ့ အထိမ်းအမှတ်အနေနဲ့ အသက်ပြန်ရှင် ခွင့်ပေးမယ် ... ရွေးချယ်လော့” လို့ သခင်ယေရှုခရစ်တော်က ကျွန်တော့်ကို မေးလာခဲ့ရင် ...

ကျွန်တော် ဘယ်သူ့ကို ရွေးချယ်မယ်လို့ သင် ထင်ပါသလဲ၊ မိတ်ဆွေ။

ကျွန်တော် ချစ်သော အဖိုး၊ အဖွား၊ အဒေါ်၊ ဦးလေး၊ မိခင်နှင့် ဖခင်တို့ အသက်ရှိ ထင်ရှားရှိနေသေးတဲ့အတွက် – သူတို့ကို ရွေးမိမှာ မဟုတ်ပါဘူး။

မောင်ဟဗှာ ဆိုတဲ့သူကို အသက်ရှင်ခွင့် ပြန်ပေးဖို့ တောင်းဆိုမိ မှာပါ။

သမ္မာကျမ်းစာထဲမှာ ဘုရားသခင်ရဲ့ ကျိန်ခြင်းအကြောင်းတွေကို ဖတ်မိ ကတည်းက တကယ်ရှိရဲ့လားလို့ ထင်ခဲ့တဲ့ သူတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ – မောင်ဟဗှာ ကို “သေပါစေ”လို့ ကျိန်ခဲ့မိပါတယ်။

ဖြစ်ပုံက ...

ဆယ်တန်း အောင်ကတည်းက လိုချင်လွန်းလို့ ဆုတောင်းလာခဲ့တဲ့ နာရီ တစ်လုံး၊ သုံးနှစ်ကြာမှ ရလာတဲ့အခါမှာ ကျွန်တော်

အမြတ်တနိုးထားတဲ့ အဲဒီ နာရီလေးကို သူငယ်ချင်းဖြစ်သူ မောင်ဟဇ္ဇာ က ပျောက်ဖျက်ပစ် လိုက်တယ်။

အဲဒီ နာရီ အသစ်စက်စက်လေးကို ကျွန်တော် တစ်လပြည့်အောင် တောင် မပတ်ရ သေးဘူးဗျာ။ ကျွန်တော် စားမဝင်၊ အိပ်မပျော်နဲ့ အထက်က ဖော်ပြခဲ့တဲ့ "မောင်ဟဇ္ဇာ သေပါစေ" ဆိုတဲ့ ကျိန်ခြင်း စကားလုံးတွေကို အကြိမ်ကြိမ် ရေရွတ်နေမိတယ်။

အခု အချိန်မှာတော့ – မောင်ဟဇ္ဇာ တစ်ယောက် ကမ္ဘာလောက ကြီးထဲကနေ အပြီးအပိုင် ထွက်ခွာသွားပါပြီ။ ကျွန်တော် ဆုတောင်းပြည့်ခဲ့ တယ်ပေါ့။

ဒါပေမဲ့ ကျွန်တော် မပျော်ခဲ့ပါဘူး။"ကိုယ်တော် ကျွန်တော် လုပ်ခဲ့မိ တဲ့၊ အမှားအတွက် အနူးအညွတ် တောင်းပန်ပါတယ်။ မောင်ဟဇ္ဇာ ကို အသက်ပြန်ရှင်ခွင့် ပေးပါလို့ တောင်းဆိုပါတယ် " လို့ ကျွန်တော် အခါခါ ဆုတောင်း မိပါတယ်။

တကယ်လို့ မောင်ဟဇ္ဇာသာ အသက်ပြန်ရှင်ခဲ့ရင် သူ့ကို ဒူးထောက် ပြီး တောင်းပန်ရအုံးမှာပါ။ ။

**Zero**

**( Blue Stars Brother )**

oooooooooooooooooooooooooooooooooooooooooooooo

# ယေရှုနဲ့ သူ့ရဲ့ အမေ



**အခန်း(၁)။** ရှင်လုကာခရစ်ဝင် ၂း ၇။

သူမဟာ၊ ပထမဦးဆုံး သားယောကျ်ားလေးကို မွေးဖွားခဲ့တယ်။ မွေးကင်းစ သားငယ်လေးကို အဝတ်နဲ့ ရစ်ပတ်ပြီး၊ နွားစားခွက် ထဲမှာ သိပ်ထားခဲ့တယ်။ သားငယ်လေးကို နို့ချိုတိုက်ကျွေး၊ ရင်ခွင်မှာပိုက်ထွေးရင်း အိပ်စက်စေခဲ့တယ်။ သားဦးလေးကို သိပ်ချစ်တဲ့ အတိုင်း၊ လိုအပ်သမျှ ပြုစု စောင့်ရှောက်ခဲ့တယ်။ သူမ ကတော့၊ မာရီပါ။ ယေရှုရဲ့ အမေပေါ့။ ယေရှုဟာ၊ သူ့ရဲ့အမေ မာရီကြောင့် အသက်ရှင် ခဲ့ရတယ်။

**အခန်း(၂)။** ရှင်လုကာခရစ်ဝင် ၂း ၃၄ – ၃၅။

ရှုမောင်ဟာ၊ အသက်ကြီးရင့်ပြီ ဖြစ်တဲ့ ပုရောဖက်တစ်ဦးပါ။ 'မာရီ၊ မင်းဟာ၊ ထူးခြားလှတဲ့ သားငယ်ကို မွေးဖွားခဲ့တယ်။ တစ်ချို့က သူ့ကိုတွေ့ရင် ဝမ်းသာပျော်ရွှင် ကြလိမ့်မယ်။ တစ်ချို့ကတော့ ဒေါသ အမျက် ထွက်ကြလိမ့် မယ်။ သန်လျက် ဒါးဟာ၊ မင်းရဲ့ နှလုံးသားကို ခွင်းလိမ့်မယ်။ ဒါကို ရင်ဆိုင်ဘို့ ပြင်ဆင်ထားပါ။' လို့ မာရီကို ကြိုပြောခဲ့ပါတယ်။

**အခန်း(၃)။** ရှင်မာကုခရစ်ဝင် ၃း ၃၁ – ၃၅။

'ငါ့ရဲ့ အမေနဲ့ ညီအစ်ကိုတွေ၊ အပြင်မှာ ရှိနေတယ် ဟုတ်လား။ ခင်ဗျားတို့ ဘာကို ဆိုလိုတာလဲ။ ငါ့မှာ အမေနဲ့ ညီအစ်ကို မောင်နှမတွေ မရှိဘူး။ ငါ့ကို ယုံကြည်ပြီး၊ ဘုရားရှင်ရဲ့ အလိုကို ဆောင်တဲ့သူတွေသာ၊ ငါ့ညီ၊ ငါ့နှမ၊ ငါ့အမေ ဖြစ်တယ်။'

ဒီလို ပြောလိုက်တဲ့ ယေရှုရဲ့ စကားတွေကို မာရီ ကြားတော့၊ 'ဘုရားရှင်၊ ကျွန်မရဲ့ နှလုံးသားကို သန်လျက်ဒါးနဲ့ ခွင်းမယ်ဆိုတာ၊ ဒါမျိုးလား။ ကျွန်မရဲ့ သားဦးသားရင်း ယေရှုက၊ ကျွန်မကို ဘာကြောင့် ဒီလို ပြောတာလဲ'တဲ့။

**အခန်း(၄)။** ရှင်ယောဟန်ခရစ်ဝင် ၁၉း ၂၅ – ၂၇။

ယေရှုရဲ့ စကားတွေက အသဲခိုက်အောင် နာကျင်ပါတယ်။ 'အမေ၊ ကျွန်တော်ဟာ အမေ့ရဲ့သား မဟုတ်တော့ဘူး။ ယောဟန်သာ အမေ့ရဲ့ သားပါ။ အမေဟာ၊ ယောဟန်ရဲ့ အမေပါ။'

'ဘာကြောင့် ဒီလိုပြောတာပါလိမ့်။ ဒီလောက် ပူဆွေးဒုက္ခ ရောက် နေတဲ့ အချိန်မှာ၊ ငါ့ရဲ့ သားအရင်းက၊ ငါ့ကို အမေ မဟုတ်ဘူးလို့ ဘာ့ကြောင့် ပြောတာပါလိမ့်။ ငါ သူ့ကို ကြင်နာ မြတ်နိုးခဲ့တာတွေ၊ ပြုစုယုယ စောင့်ရှောက် ခဲ့တာတွေကို သတိမှ ရပါလေစ'ရယ်လို့ မာရီဟာ သူမ ကိုယ် သူမ မေးခဲ့မိ တယ်။

'ဘာကြောင့်လဲ'လို့ မာရီ မေးကောင်း မေးပါလိမ့်မယ်။ 'မာရီ၊ သင်ဟာ ယေရှုရဲ့ အမေ အဖြစ်နဲ့ဆိုရင် ကောင်းကင်ဘုံကို မရောက်နိုင်ဘူး ဆိုတာ သိရမှာ ဖြစ်တယ်။ မာရီ၊ သင်ဟာ ယေရှုကို သင့်ရဲ့ သား အဖြစ်ကနေ စွန့်လွှတ်ရမှာ ဖြစ်ပြီး၊ ယေရှုကို သင့်ရဲ့ ကယ်တင်ပိုင်ရှင် သခင်ဘုရား အဖြစ်နဲ့ လက်ခံရမှာ ဖြစ်တယ်။'

**အခန်း(၅)။** တမန်တော်ဝတ္ထု ၁း ၁၃ – ၁၄။

ယေရှုဟာ၊ အဘ ခမည်းတော်ဘုရား ထံတော်ကို ပြန်လည် သွားရောက် ခဲ့ပြီးတဲ့နောက်၊ သူမဟာ၊ အထက်ခန်းမှာ ရောက်ရှိ နေခဲ့ပါတယ်။ ယေရှုရဲ့ တပည့်တော်တွေထဲက တစ်ဦးအဖြစ်နဲ့ပေါ့။ သူမကတော့၊ ယေရှုရဲ့ အမေ မာရီပါ။ သူမဟာ၊ ယေရှုကြောင့် အသက်ရှင် ခဲ့ရပါပြီ။ မိတ်ဆွေရော ဘယ်သူ့ကြောင့် အသက်ရှင်နေရပါသလဲ?။

**စောမူးလေယ်လူး ( လက်ပန်းတန်း )**

oooooooooooooooooooooooooooooooooooooooo

# ကျွန်တော်၏ရင်တွင်းစကား (၁၁)

အိုးပုတ် ၊ ချိုးရုပ် ၊ ပလုတ်တုတ်
တို့ငယ်ငယ်က အလုပ်ရှုပ် ။

စွန်လွှတ် ၊ ဂျင်ပေါက် ၊ ဂေါ်လီရိုက်
တို့ ငယ်ငယ်က အလေလိုက် ။

အလှပြင် ၊ ဆံပင်ကောက်
**Shopping** ထွက်
တို့ ကြီးလာတော့ အပျင်းဖက် ။

ဘီယာ တစ်ကျိုက် ၊ စီးကရက် ရှိုက်
တို့ငယ်ငယ်က ခပ်မိုက်မိုက် ။

ဂေါက်သီး ကစား ၊ နိုက်ကလပ် သွား
တို့ ကြီးလာတော့ လမ်းသလား ။

တရားကိုလဲ မသင်အံ ၊
ဘုရားကိုလဲ မမြင်ဟန်
တို့ကြီးလာတော့ အိုက်တင်ခံ ။

ပညာမပြတ်သင် ၊ စီးပွားမင်
တို့ ကြီးလာတော့ စားပိုးနင်

ကုသိုလ်တွေ ပွား
**Church** မှန်မှန်သွား ၊
ပါးစပ်ဘုရား လက်ကားယား
တို့ သေခါနီး ကယောင်ချောက်ခြား ။

( အဲဒီ အချိန်ကျမှ – – )
ကောင်းကင် တံခါး ပိတ်လို့သွား ၊ ငရဲဘုံက ရယ်သံကြား
“ဟား ဟား ဟား” … “ဟား ဟား ဟား”
**" Welcome to the Hell "** တဲ့ဗျား ။ ။

**( မင်းအောင်သက်လွင် )**

ooooooooooooooooooooooooooooooooooooooooooooooo

# အသက်



ကမ္ဘာပေါ်မှာ ဘယ်လူမျိုးက သက်တမ်း အတိုဆုံးလဲ။
အမေရိကန်လူမျိုး အမျိုးသား တစ်ယောက်ရဲ့ ပျမ်းမျှ အရှည်ဆုံး သက်တမ်းဟာ ၆၉နှစ်ဖြစ်ပြီး ၊ အမေရိကန်နိုင်ငံသူ အမျိုးသမီး တစ်ယောက်ရဲ့ ပျမ်းမျှ အရှည်ဆုံး သက်တမ်းဟာ ၇၇နှစ် ဖြစ်ပါတယ်။

အံ့သြဖွယ်ရာ ကောင်းတာကတော့ ကမ္ဘာပေါ်မှာ သက်တမ်း အတိုဆုံး လူသားတွေဟာ ဂါဘွန် အမျိုးသားတွေ ဖြစ်ပါတယ်။ အနောက် အာဖရိကနိုင်ငံ ဂါဘွန် **(Gabon)** အရပ်ဒေသမှာရှိတဲ့ အမျိုးသားတွေရဲ့ ပျမ်းမျှ အရှည်ဆုံး သက်တမ်းဟာ ၂၅နှစ် ဘဲရှိပါတယ်။ မြန်မာလူမျိုး တစ်ယောက်အနေနဲ့ အသက်၂၅ နှစ်ဝန်းကျင်မှာ အိမ်ထောင်ပြု သားမွေး ကောင်းနေတုံး၊ အပျော်အပါး လိုက်စားလို့ ကောင်းနေတုံး၊ အလုပ်လုပ်လို့ ကောင်းနေတုံး၊ ပညာသင်လို့ ကောင်းတုံး ဖြစ်နေပေမဲ့ ဂါဘွန်လူမျိုးသားတွေ အတွက်ကတော့ ဆံဖြူ သွားကျိုး၊ အိုမင်း မစွမ်းတဲ့ အရွယ်၊ ဘိုးဘွားရိပ်သာ (သို့) သချိုင်းကုန်းကို မျက်စောင်းထိုးတဲ့ အရွယ် ဖြစ်နေကြပါပြီ။

ဘုရားသခင်ဟာ ကမ္ဘာဦး အစမှာတုံးက လူသားဖခင် အာဒံကို နှစ်ပေါင်း ၉၃၀ အထိ ရှင်သန်ခွင့်ပေးထားခဲ့ပါတယ်။ နောက်ပိုင်းမှာ –
လူ့ သက်တမ်းဟာ တဖြည်းဖြည်း တို လာခဲ့ပါတယ်။ ဆာလံကျမ်းထဲမှာ ဘုရား သခင်က လူ့ သက်တမ်းကို အနှစ် ၇၀ အထိ ဘဲ ရှင်ခွင့်ပေးတော့တယ် ဆိုတာ သိနိုင်ပါတယ်။

ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ၊ မကျန်းမာသည် ဖြစ်စေ၊ ကျန်းမာသည် ဖြစ်စေ။ ပညာ တတ်သူ ဖြစ်စေ၊ ပညာ မတတ်သူ ဖြစ်စေ။ ဘယ်သူ မဆို လောကကြီးထဲမှာ အသက်ရှည်ရှည် နေလိုတဲ့ဆန္ဒ ရှိတယ် ဆိုတာ သေချာပါတယ်။

မြန်မာလူမျိုး တစ်ယောက်ရဲ့ သက်တမ်းဟာ ပျမ်းမျှအားဖြင့် ဘယ် နှစ်နှစ် အထိရှိပါသလဲ။ ရှည်ရှည်ဝေးဝေး စစ်တမ်း ကောက်စရာ မလိုပါ။ ကျွန်တော်တို့ ပတ်ဝန်းကျင် ဆွေမျိုး အသိမိတ်ဆွေ အဖိုး အဘွားတွေ အသက် ဘယ်လောက်မှာ သေဆုံးတတ်ကြပါသလဲ။ ( မတော်တဆ ထိခိုက်ဒဏ်ရာ ရလို့ စောစောစီးစီး သေသွားတာ က လွဲရင်ပေါ့ ) ဒီနေ့ခေတ်ကာလမှာ ကမ္ဘာ ပေါ်မှာ အသက် ၁၂၀ လောက်အထိ ရှင်ခွင့်ရခဲ့တဲ့ သူတွေကို အထူးအဆန်း အဖြစ် ဂျာနယ်၊ သိတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား တွေထဲမှာ တွေ့ဖူးကြ ပါလိမ့်မယ်။

ဘာဘဲ ပြောပြော ကျွန်တော်တို့ မျက်မှောက်ခေတ်က လူသားတွေ ရဲ့ သက်တမ်းဟာ အင်မတန် တိုတောင်းလာတာကို တွေ့ရပါတယ်။ ဘုရား သခင်ရဲ့ ရှေ့မှာ အနှစ် တစ်ထောင်ဟာ တစ်ရက် ကဲ့သို့ဖြစ်တယ်လို့ ကျမ်းစာ ထဲမှာ ပြောထားပါတယ်။ ( ၂ပေ ၃း၈ – ထာဝရ ဘုရားမှာ ကာလ တစ်ရက်သည် အနှစ် တစ်ထောင် ကဲ့သို့၄င်း၊ အနှစ်တစ်ထောင် သည် တစ်ရက် ကဲ့သို့၄င်း ဖြစ်သည် အရာတစ်ခုကို မမေ့လျော့ကြနှင့်။ )

မိတ်ဆွေရဲ့ မွေးနေ့ပွဲကို အခုလာမဲ့နှစ်မှာ ဘယ်နှစ်ကြိမ်မြောက် ကျင်းပမယ် ဆိုတာ မိတ်ဆွေ အသိဆုံးပါ။ ဒီသက်တမ်း အထိ ဘုရားသခင် ပို့ဆောင်လာတဲ့ မိတ်ဆွေရဲ့ သက်တမ်းကို အမှုမဲ့ အမှတ်မဲ့ ကျော်ဖြတ်နေပါသလား။

ကျွန်တော် ကျောင်းသားဘဝတုံးက စာ မေးပွဲအခန်းထဲ စာမေးပွဲ ဖြေနေတုံးမှာ အချိန်မြန် မြန် ကုန်မှာကို စိုးရိမ်မိတယ်။ ကျွန်တော် အလုပ် သမား ဖြစ်လာတော့ အလုပ်လုပ်နေရင်း အချိန် မြန်မြန်ကုန်ဖို့ လိုလားမိပြန်တယ်။ ကလေးဘဝ တုံးက လူလားမြောက်ဖို့ လိုလားပေမဲ့ လူကြီး ဖြစ်လာတော့ ကလေးဘဝကို နောက်တစ်ခါ ပြန်လို ချင်မိပြန်ရော။ တစ်ဘဝ အသက် သာမက နောက် ဘဝ ရှိသေးရင် နောက်ထပ်အသက်ကိုပါ လိုချင်ပါ တယ် ဆိုပြီး သီချင်း ရေး ဆရာတွေက စပ်ဆိုကြပါ သေးတယ်။

မိမိတို့ ကိုယ်စီ ရထားတဲ့ အသက်တွေနဲ့ ဘုရားဘုန်းတော်ကို ထင်ရှား နိုင်တဲ့သူတွေ ဖြစ်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။
။

**( အချင်းလူမျိုး အသက်ပျို့သောအခါ ပျော်မွေ့လော့။ အသက် ပျို့စဉ်ကာလတွင် စိတ် ရွှင်လန်းခြင်းရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့် ကိုယ်ဥာဏ်ပြသော လမ်းသို့လိုက်လော့။ သို့ရာတွင် ထိုအမှု အလုံးစုံ တို့ကို ဘုရားသခင်စစ်ကြော၍ သင့်ကို အပြစ်ပေးတော်မူမည်ဟု အောက် မေ့လော့။ သုတ္တံ၁၁း၉ )**

**မင်းအောင်သက်လွင်**

– – – – – – – – – – – – – – – – – – – – – –

# အခိုဘဲ

နှစ်သက်မှု သက်သက်နဲ့ ဖွဲ့စည်းထားတဲ့
မိန်းမပျိုတောင် ယုတ်ညံ့တဲ့စိတ်
အညွန့်လူနေရင် စင်မထိုးလေနဲ့
အပိုဘဲ ။

ဆင်းရဲခြင်း သက်သက်နဲ့ တည်ဆောက်ထားတဲ့
ငွေဘဝကိုတောင် ချမ်းသာချင်တဲ့စိတ်
ပေါက်ဖွားလာခဲ့ရင် အလိုလိုက်မနေနဲ့

အပိုဘဲ ။

ကောင်းကြီးတွေ သက်သက်နဲ့ ရွာသွန်းဖြိုးတဲ့
ကောင်းကြီးမိုးကိုတောင် သံသယစိတ်နဲ့
အမြင်ပိတ်နေရင် ဝင်မချိုးလေနဲ့
အပိုဘဲ ။

မေတ္တာတွေ သက်သက်နဲ့ အသေခံသွားတဲ့
ယေရှု ခရစ်တော် ကိုတောင်
ဘဝရဲ့ ကယ်တင်ပိုင်ရှင် အဖြစ်
နှလုံးသားမှာ လက်မခံ ခဲ့ရင်တော့
တမလွန် အတွက် ကောင်းမှု လုပ်မနေနဲ့
အပိုဘဲ ။

**( မင်းထွန်းသက်လွင် )**



# နိမ္မာန်ကုန်တိုက်



ဘဝရဲ့ တာဝေးပြေး လမ်းမပေါ်မှာ
နှစ်ပေါင်းများစွာ ကျွန်မ လျှောက်လာခဲ့ရာ
အမှတ်မထင် "နိမ္မာန်ကုန်တိုက်" ဆိုတဲ့
ကြော်ငြာဆိုင်းပုဒ်ကို တွေ့လိုက်ပါတယ်။

ကျွန်မ အနီးကပ် ချဉ်းကပ်လိုက်စဉ်မှာတော့
ကုန်တိုက် ဝင်ပေါက်မှာ ပွင့်ကာသွားလို့
သတိထားမိလိုက်တဲ့ အချိန်မှာတော့
ထို ကုန်တိုက်ကြီးထဲမှာ ခြေစုံရပ်မိလျက်သား ဖြစ်နေပါတယ်။

ကုန်တိုက်ထဲမှာ ကောင်းကင်တမန်များစွာတို့ဟာ
နေရာတကာ နေရာယူထားတာ တွေ့ရသလို
ကောင်းကင်တမန် တစ်ပါးက
ကျွန်မကို ဈေးခြင်းတောင်း လှမ်း၍ ပေးကာ
'ချစ်သမီး – သတိဖြင့် ဝယ်ခြမ်းတော့' ဟု ဆိုလာပါတယ်။

ဟောဒီ ကုန်တိုက်ကြီးထဲမှာ လူသားတွေရဲ့ လိုအပ်ချက်
အလုံးစုံကို ဝယ်ယူနိုင်သလို ၊ တကယ်လို့များ –
တစ်ခေါက်တစ်ခါတည်း သယ် မသွားနိုင်ရင်လည်း
နောက်ထပ်တစ်ဖန် ပြန်လာပြီး ပိုမို ဝယ်ယူနိုင်ပါသေးတယ်။

ပထမဦးဆုံး ကျွန်မ ယူလိုက်တဲ့ ပစ္စည်းက "သည်းခံခြင်း"
ပြီးတော့ သူနဲ့ တစ်တန်းထဲမှာ ရှိနေတဲ့ "ချစ်ခြင်းမေတ္တာ"
ဟို – အောက် အတန်းမှာတော့ ဘယ်နေရာသွားသွား
အစဉ်ဆောင်ထားရမဲ့ "နားလည်မှု"
"ဉာဏ်ပညာ" တစ်ဖူး မက နှစ်ဖူး
"ယုံကြည်ခြင်း" တစ်အိတ် မက နှစ်အိတ်
"ပေးလှူခြင်း" ဒါလဲ ကျွန်မ အတွက် တကယ်လိုအပ်နေတယ်။

အဖေါ်သီဆုံးက "သန့်ရှင်းသော ဝိညာဉ်တော်"
ပြီးတော့ ကျွန်မ ဆက်လှမ်းရမဲ့ ရှေ့ခရီး တစ်လျှောက်အတွက်
လိုအပ်နေတဲ့ "ခွန်အား" နဲ့ "ရဲရင့်ခြင်း"
အို ... ကျွန်မရဲ့ ဈေးခြင်းတောင်းလဲ ပြည့်လုပြီ
ဒါပေမဲ့ "ကျေးဇူးတော်"ကိုတော့ မေ့လို့ မဖြစ်ဘူး
အဲဒီနောက် "ကယ်တင်ခြင်း"
ကယ်တင်ခြင်း ဆိုတာလဲ "အခမဲ့" တဲ့လေ
ကျွန်မ အတွက် တင်မက သင့်အတွက်ပါ
ကျွန်မ ဆောင်ခဲ့သေးတယ်။

ကျွန်မ ငွေရှင်းကောင်တာ ဘက်ဆီကို ခြေလှမ်းပြင်ရင်း
ကိုယ်တော့်အလိုနဲ့ အညီ အသက်ရှင်ရန်
လိုလောက်တဲ့ ပစ္စည်းများ ယူခဲ့ပြီလို့ ထင်လိုက်မိချိန်မှာဘဲ
"ဆုတောင်းခြင်း" ကိုတွေ့လိုက်တာနဲ့ ၊
ဒါဟာ အလွန် အရေးကြီးတယ်
ကျွန်မ ဒီကုန်တိုက်ရဲ့ အပြင်ကို ပြန်ရောက်သွားတာနဲ့
သွေးဆောင်ခြင်းထဲ ခြေကျွံမိမှာ စိုးတယ်လေ။

ဒါတွေတင်မက ပေါကြွယ်စွာ ခင်းကျင်းထားတဲ့
"ငြိမ်သက်ခြင်း"နဲ့ "ပျော်ရွှင်ခြင်း"
"ဂုဏ်တော်ချီးမွမ်းခြင်း" တွေကို
တွေ့လိုက်တာနဲ့ ကျွန်မ ယူနိုင်သမျှ ယူလိုက်မိပါတယ်။

ပြည့်လျှံနေတဲ့ ဈေးခြင်းတောင်းကို ကိုင် မ ပြီး
ငွေရှင်းကောင်တာက ကောင်းကင်တမန်ကို
'အဖိုးအခ' မေးလိုက်တဲ့အခါ
ပြုံးရွှင်စွာဖြင့် 'ကိုယ်နှင့်မကွာ အစဉ် ဆောင်သွားပါ' လို့
သူက ပြန်ဖြေလိုက်ပါတယ်။

ထပ်မံ၍ တဖန် "အဖိုးအခ ဘယ်လောက်လဲ" လို့
ကျွန်မ မေးပြန်တော့ ...
"ချစ်သမီး သင့်အတွက်
ဘုရားမြတ် သခင်က
ဟို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက
ဟောဒီ အဖိုးအခတွေ အားလုံးကို ပေးခဲ့ပြီးပြီ" တဲ့ ။ ။
ခရစ်တော်၏ မေတ္တာဖြင့် **( အေးမီထွန်း )**

( ဝန်ခံချက် ။ ။ ဖတ်ရှုခဲ့ရတဲ့ **Heaven's Grocery store** ကို မြန်မာပြန်ဆို ထားပါသည်။ )

မည်သူမဆို စာမူများ ရေးသားပေးပို့ နိုင်ပါသည်။
နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂဏ နှင့် ငြင်းခုန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။

**Min Aung Thet Lwin**
**Blk 76A , #30-02 Red Hill Road , S'pore 151076**
**Email ; min_atl@yahoo.com.sg**